# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

# ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ( ၁၄ ) ရက်

# ကြေညာချက်အမှတ်( ၄ /၂၀၁၇)

# ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား စစ်ဆေးခြင်းရလဒ် ကြေညာချက်

မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ မှစ၍ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (၆) ခု၏ လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့စစ်ဆေးရာတွင် ကော်မရှင်အနေဖြင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆောင်ရွက်မှု လုပ်ငန်းအပေါ်တွင် စစ်ဆေးခဲ့ခြင်းဖြစ်၍ ဤစစ်ဆေးမှုသည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ စီးပွားရေးလုပ်ငန်းများအားလုံးကို စစ်ဆေးခြင်းမဟုတ်ပါ။

စစ်ဆေးမှုရလဒ်များအား ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအသီးသီးသို့ ကော်မရှင်မှ အသိပေးခဲ့ပြီးဖြစ်၍ စစ်ဆေးစဉ်ကာလအတွင်းတွေ့ရှိခဲ့သည့် စည်းမျဉ်းစည်းကမ်း လိုက်နာမှုဆိုင်ရာ လိုအပ်ချက် အကျဉ်းချုပ်ကို ထုတ်ပြန်ခြင်းဖြစ်ပါသည်။

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအနေဖြင့် ယခုတွေ့ရှိချက်များအပေါ် လိုအပ်သလို သုံးသပ်ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ လုပ်ငန်းများတိုးတက်လာစေမည်ဟု မျှော်လင့်ပါသည်။

**မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**